# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

**August 7 , 2025** **Volume 93, Number 5**


| ၇. ၈.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၁၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၅၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၇.၇၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၁.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၆.၃၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပသို့ ဆန်/ဆန်ကွဲတန်ချိန် ၈၄၀,၀၀၀ ကျော် တင်ပို့ထား




ယခုဘဏ္ဍာနှစ် ဧပြီလကနေ ဇူလိုင်လအထိ ၄ လအတွင်း ပြည်ပကို ဆန်နဲ့ဆန်ကွဲ တန်ချိန် ၈၄၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF က သိရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလက ပြည်ပကို ဆန်နဲ့ဆန်ကွဲတန်ချိန် ၁ သိန်း ၄ သောင်းကျော်၊ မေလက ၂ သိန်းခွဲကျော်၊ဇွန်လက ၂ သိန်း ၁ သောင်းကျော်နဲ့ဇူလိုင်လမှာတန်ချိန် ၂ သိန်း ၃ သောင်းကျော် တင်ပို့ခဲ့တာပါ။

ဆန်နဲ့ဆန်ကွဲတွေကို ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း တွေကနေ တင်ပို့ခဲ့တာဖြစ်ပြီးပင်လယ်ရေကြောင်းကုန်သွယ်မှုက အများဆုံး ဖြစ်ပါ တယ်။

အခုဘဏ္ဍာနှစ် ၄ လအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၂၉၀ ရရှိထားတယ်လို့ MRF ရဲ့ စာရင်းတွေအရ သိရပါတယ်။

ဖိလစ်ပိုင်၊ တရုတ်၊ စပိန်၊ ပိုလန်၊ ဘယ်လ်ဂျီယံ၊ အင်ဒိုနီးရှား၊ ဆီနီဂေါ၊ နယ်သာလန်နဲ့ ဗြိတိန်စတဲ့ နိုင်ငံတွေကို ဆန်နဲ့ဆန်ကွဲတန်ချိန် အများဆုံး တင်ပို့နေတယ်လို့ သိရပါတယ်။

လက်ရှိမှာ နိုင်ငံတကာဈေးကွက်ကို ဧည့်မထ/ငစိန် အုပ်စုဝင်တွေဖြစ်တဲ့ ဆင်းသုခ၊ သီးထပ်ယဉ်၊ ရတနာတိုး၊ ငစိန် ရာကျော်၊ ရွှေမန်း စတဲ့ ဆန်ကြမ်းတွေကို အဓိက တင်ပို့နေပါတယ်။

ပြည်ပကို ဆန်တင်ပို့ရာမှာ တရုတ်တစ်နိုင်ငံတည်းသာမက ဥရောပ၊ အာဖရိကနဲ့ အာရှဈေးကွက်တွေအထိ ချိတ်ဆက်ဆောင်ရွက်သွားဖို့လည်းရှိနေတယ်လို့ MRF က သိရပါတယ်။

အခုဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နဲ့ဆန်ကွဲတန်ချိန် ၃ သန်း တင်ပို့နိုင်ဖို့ လျာထားပြီး ပြီးခဲ့တဲ့ဘဏ္ဍာနှစ်က ပြည်ပကို ဆန်နဲ့ ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၈ သန်းကျော် တင်ပို့ခဲ့ကာ ပို့ကုန် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂၉ ဘီလီယံ ရရှိခဲ့ပါတယ်။

**Source :** https://onenewstvchannel.com/

## ပြည်ကြီးမဏ္ဍိုင်မြို့၌ ငှက်ပျောစိုက်ပျိုးမှုများလာ



တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့မှာ ဒေသခံပြည်သူတွေအနေနဲ့ မိသားစုအပိုဝင်ငွေ ရရှိဖို့အတွက် ငှက်ပျော စိုက်ပျိုးမှုတွေ များပြားလာတယ်လို့ ဒေသခံပြည်သူတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

အဲဒီဒေသမှာ နှစ်တို၊ နှစ်ရှည်ပင်တွေ စိုက်ပျိုးတာနဲ့ မွေးမြူရေးလုပ်ငန်းတွေအပြင် ငှက်ပျော စိုက်ပျိုးတာတွေကိုလည်း လုပ်ကိုင်လာကြတာပါ။

ငှက်ပျောစိုက်ပျိုးမှုကို အရင်က ဥယျာဉ်ခြံမြေတွေမှာ စိုက်ပျိုးကြပြီး အခုအခါမှာ နေအိမ်ခြံဝင်းတွေမှာလည်း စိုက်ပျိုးတာတွေ များလာတယ်လို့ သိရပါတယ်။

စိုက်ပျိုးတဲ့ ငှက်ပျောပင်အမျိုးအစားတွေကတော့ ဒေသအခေါ် မယ်တော်လက်သည်း၊ ရွှေငှက်ပျော၊ ရခိုင်၊ ဆင်အံနဲ့ ဖီးကြမ်းတွေကို စိုက်ပျိုးကြတာပါ။

ငှက်ပျောသီး ဈေးနှုန်းတွေကတော့ အမျိုးအစားအလိုက် မယ်တော်လက်သည်းတစ်ဖီးကို ၁၅၀၀ ကျပ်၊ ရွှေငှက်ပျောတစ်ဖီးကို ၂၅၀၀ကျပ်၊ ရခိုင်တစ်ဖီးကို ၁၃၀၀ကျပ်၊ ဆင်အံတစ်ဖီးကို ၄၀၀၀ကျပ်နဲ့ ဖီးကြမ်းတစ်ဖီးကို ၃၀၀၀ ကျပ်အထိရှိတယ်လို့ သိရပါတယ်။

ငှက်ပျောသီးတွေကိုအများစုကအိမ်ကိုလာရောက်ဝယ်ယူကြပြီးတချို့ကတော့ဈေးဆိုင်တွေကိုဖောက်သည်ပေးကာ ရောင်းချကြပါတယ်။အခုလို ငှက်ပျောစိုက်ပျိုးနေကြသူတွေဟာ မိသားစုအပိုဝင်ငွေရရှိတဲ့အပြင် ငှက်ပျောပင်စိုက်ပျိုးမှုက စီးပွားရေးအခွင့်အလမ်းတစ်ခုအဖြစ်ရှိနေတယ်လို့ ငှက်ပျောပင် စိုက်ပျိုးရောင်းချတဲ့သူတွေထံက သိရပါတယ်။

Source: https://onenewstvchannel.com/

## လက်ကျန်နည်းပြီး ဈေးကောင်းရနေသည့် စားတော်ပဲနှင့် ပဲကြီး

မန္တလေးကုန်စည်ဒိုင်တွင် ဩဂုတ်လပထမပတ်၌ပဲမျိုးစုံနှင့်ဆီထွက်သီးနှံမျိုးစုံများမှ အရောင်းအဝယ်အေးဈေးအေးနေကြောင်း၊ စားတော်ပဲနှင့်ပဲကြီးတို့မှာလက်ကျန်နည်းနေပြီးဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

စားတော်ပဲ(ကျွန်း) ၅၉ ဒသမ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၆၃၀,၀၀၀မှ ၆၅၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၆၀၀,၀၀၀မှ ၆၃၀,၀၀၀၊ ယခင်လ ကျပ် ၅၂၀,၀၀၀မှ ၅၄၀,၀၀၀ဖြစ် သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀,၀၀၀မှ ၃၀,၀၀၀၊ ယခင်လထက် ကျပ် ၁၁၀,၀၀၀ ခန့်ဈေးမြင့်တက်လာသည်။

စားတော်ပဲ(ကနေဒါ) ၅၉ ဒသမ ၂၅ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၅၀,၀၀၀ မှ ၅၆၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၃၅,၀၀၀ မှ ၅၄၅,၀၀၀၊ ယခင်လ ကျပ် ၄၂၅,၀၀၀ မှ ၄၄၀,၀၀၀ ဖြစ်သည်။

ယခင်တစ်ပတ်ထက် ၁၅၀, ၀၀၀ ကျပ်၊ ယခင်လထက် ကျပ် ၁၂,၀၀၀ မှ ၁၂၅,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပဲကြီး(ကြီး) ၅၅ ဒသမ ၂၅ ပိသာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၈၀,၀၀၀ မှ ၄၀၀,၀၀၀၊ ယခင်တစ်ပတ် ၃၆၀,၀၀၀ ကျပ်၊ ယခင်လ ကျပ် ၃၂၅,၀၀၀ မှ ၃၃၀,၀၀၀ဖြစ်သည်။ ယခင် တစ်ပတ်ထက် ကျပ် ၂၀,၀၀၀ မှ ၄၀,၀၀၀၊ ယခင်လ ထက် ကျပ် ၅၅,၀၀၀မှ ၇၀,၀၀၀ ခန့်ဈေးမြင့် တက်လာသည်။

ပဲကြီး(လတ်) ၅၅ ဒသမ၂၅ ပိသာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၄၀,၀၀၀ မှ ၃၇၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၃၃၀,၀၀၀ မှ ၃၅၀,၀၀၀၊ ယခင်လ ကျပ် ၃၁၀,၀၀၀ မှ ၃၁၅,၀၀၀ ဖြစ် သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀ မှ ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၃၀,၀၀၀ မှ ၅၅,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

ပဲကြီး(သေး) ၅၅ ဒသမ၂၅ ပိသာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၃၀၀,၀၀၀မှ ၃၂၀,၀၀၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀၀,၀၀မှ ၃၁၀,၀၀၀၊ ယခင်လ ကျပ် ၂၇၀,၀၀၀မှ ၂၈၀,၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၀,၀၀၀မှ ၂၀,၀၀၀၊ ယခင်လထက် ကျပ် ၃၀,၀၀၀မှ ၄၀,၀၀၀ ခန့် ဈေးမြင့်တက်လာသည်။

**Source :** https://myantrade.gov.mm/

## လက်ရှိဖြစ်ပေါ်နေသော မြစ်ကြီးနားမြို့၏ အခြေခံစားသောက်ကုန်ဈေးနှုန်းများ

မြစ်ကြီးနားမြို့စည်ပင်သာယာဈေး၌ ယခုလက်ရှိတွင် ပေါ်ဆန်မွှေးဆန်တစ်ပြည် ၉၅၀၀ ကျပ်၊ လုံးသွယ်မွှေးဆန်တစ်ပြည် ၆၅၀၀ ကျပ်၊ ဆင်း-၃ ဆန်တစ်ပြည် ၄၃၀၀ ကျပ်၊ ရှေမင်း ဆန်တစ်ပြည် ၇၄၀၀ ကျပ်၊ စောရှုပ် ဆန်တစ်ပြည် ၇၅၀၀ ကျပ်၊ မနောသုခ ဆန်တစ်ပြည် ၄၅၀၀ ကျပ်နှင့် ငွေတိုး ဆန်တစ်ပြည် ၄၅၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိသည်။

ကြက်သွန်နီ လက်လီဈေးမှာ တစ်ပိဿာလျှင် ၃၅၀၀ ကျပ်၊ ကြက်သွန်ဖြူဈေးနှုန်းမှာ (ရှမ်း)တစ်ပိဿာ ១၅၀၀၀ ကျပ်၊ ကြက်သွန်ဖြူ (ကြူကုတ်)တစ်ပိဿာ ၉၀၀၀ ကျပ်၊ရေတ်သီးခြောက်တစ်ပိဿာ ၁၅,၀၀၀ကျပ်မှ ၁၈,၀၀၀ ကျပ်ထိ၊ အာလူး တစ်ပိဿာလျှင် ၄၅၀၀ ကျပ်၊ ခရမ်းချဉ်သီး တစ်ပိဿာဈေးမှာ ၈၀၀၀ ကျပ်၊ ကုလားပဲ တစ်ပိဿာ ၉၀၀၀ ကျပ်၊ မြေပဲဆန် တစ်ပိဿာ ၁၂,၀၀၀ ကျပ်နှင့် ကြက်ဥဈေးနှုန်းမှာ တစ်လုံး ၆၀၀ ကျပ် ဖြင့် ရောင်းဝယ်လျက်ရှိသည်။

အသား/ငါး ဈေးနှုန်းများမှာ ကြက်သား (CP) တစ်ပိဿာ ၃၂,၀၀၀ ကျပ်၊ (ဗမာ) တစ်ပိဿာ ၄၈,၀၀၀ ကျပ်၊ ဝက်သား တစ်ပိဿာ(ပေါင်) ၅၀,၀၀၀ ကျပ်၊ အမဲသား(ပေါင်) တစ်ပိဿာ ၃၅,၀၀၀ ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာ ၂၅,၀၀၀ ကျပ်၊ ငါးကြင်း တစ်ပိဿာ ၂၄,၀၀၀ ကျပ်ဈေးနှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်းသိရသည်။ စားသုံးဆီဈေးနှုန်းများမှာ ပဲဆီ(ရှယ်) တစ်ပိဿာ ၃၀,၀၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာ ၁၄,၀၀၀ ကျပ်၊ မုန်ညင်းဆီ တစ်ပိဿာ ၂၈,၀၀၀ ကျပ်နှင့် နှမ်းဆီ တစ်ပိဿာ ၂၈,၀၀၀ ကျပ်များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source : ကချင်ပြည်နယ်ဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးခြောက်ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ရောင်းချခဲ့ကြောင်း ကျိုက်လတ်မြို့နယ်ရှိ ငါးခြောက်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။



“ကျိုက်လတ်မြို့နယ်ကနေ ငါးခြောက်တွေကို လစဉ်တင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးခြောက်တွေ တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။တစ်လတာကာလအတွင်း ငါးမြွေ ထိုးခြောက် ပိဿာ ၆၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးမြွေထိုးခြောက်လုပ်ငန်းကဒေသအတွက် အလုပ်အကိုင်ဖန်တီးပေးတဲ့ လုပ်ငန်းပါ။ အခုလို ငါးမြွေထိုးခြောက်တွေ ဝယ်ယူမှုများလာတာကြောင့် ငါးမြွေထိုးခြောက်လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်တဲ့ သူတွေအားလုံး အဆင်ပြေလာပါတယ်'' ဟု ၎င်းကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးမြွေထိုး ခြောက်ပိဿာ ၅၅,၀၀၀ သာ တင်ပို့ရောင်းချ နိုင်ခဲ့ပြီး၊ ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးမြွေထိုးခြောက် ပိဿာ ၆၅,၀၀၀ အထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေသြဇာအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာ

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရုရှားနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေသြဇာအများဆုံးတင်ပို့သည့် နိုင်ငံဖြစ် လာခဲ့ပြီးယခင်နှစ်စာရင်းအရဓာတ်မြေသြဇာတင်ပို့မှုတွင်ဦးဆောင်ခဲ့သည့်ကနေဒါနိုင်ငံကိုကျော်တက်သွားခဲ့ကြောင်း အင်ဒိုနီးရှား နိုင်ငံစာရင်းအင်း႒ာန၏ အချက်အလက်များအပေါ်မူတည်၍ RIA သတင်း႒ာနက ဖော်ပြခဲ့သည်။

အဆိုပါ ၅ လတာကာလအတွင်း ရုရှားကုမ္ပဏီများသည်အင်ဒိုနီးရှားနိုင်ငံသို့အမေရိကန်ဒေါ်လာ ၂၇၆ ဒသမ၈ သန်းတန်ဖိုးရှိ ဓာတ်မြေသြဇာများတင်ပို့ခဲ့ပြီး ယင်းသည် ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၇၀ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ယင်းသို့ သိသာစွာတိုးတက်မှုကြောင့် ရုရှားဓာတ်မြေသြဇာတင်ပို့သူများသည် ကနေဒါမှ ပြိုင်ဘက်များကို ကျော်တက်နိုင်ခဲ့သည်။

ဖော်ပြပါကာလအတွင်း ကနေဒါနိုင်ငံ၏တင်ပို့မှုမှာ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ၅ သန်းရှိခဲ့ရာမှ ယခု နှစ်တွင် ၂၅၇ ဒသမ ၁ သန်းအထိ သုံးပုံတစ်ပုံခန့်တိုးတက်ခဲ့သော်လည်း ရုရှား၏တိုးတက်မှုနှုန်းထက် နည်းပါးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသို့ ဓာတ်မြေသြဇာတင်ပို့သည့် ထိပ်ဆုံး ၃ နိုင်ငံစာရင်းတွင် တတိယနေရာသည် တရုတ်နိုင်ငံဖြစ်ပြီး ၎င်း၏ တင်ပို့မှုသည် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁၈ သန်းအထိသာ ရှိခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ရုရှားနိုင်ငံ၏ ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှုသည် တန်ချိန် ၆၅ သန်းအထိတိုးတက်လာနိုင်ပြီး ပြည်ပနိုင်ငံ များသို့ တင်ပို့နိုင်မှုသည် တန်ချိန် ၄၄ သန်းအထိတိုးတက်လာရန် မျှော်မှန်းထားကြောင်း သိရသည်။ ရုရှား၏ ဓာတ်မြေသြဇာ အဓိကတင်ပို့သည့် နိုင်ငံများစာရင်းတွင် အင်ဒိုနီးရှားပါဝင်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ရုရှားကုမ္ပဏီများအတွက် အရေးပါသော မဟာဗျူဟာမိတ်ဖက်နိုင်ငံဖြစ်သည်။၂၀၂၄ ခုနှစ်တွင် ရုရှားနှင့်အင်ဒိုနီးရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄ ဒသမ၃ ဘီလီယံအထိရှိခဲ့သည်။ ရုရှား သည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့်ရေနံထွက်ကုန်များ၊ သံနှင့်သံမဏိ၊ ဓာတ်မြေသြဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့ပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်သွင်းကြောင်း သိရသည်။

**Source :** **https://ria.ru/20250729/udobreniya-2032061030.html**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://www.myawady.net.mm/

## ရုရှားသည် လာအိုနှင့် ကုန်သွယ်ရေးတိုးတက်လာမှုကိုအခြေခံ၍ ရထားလမ်းသစ်များ တည်ဆောက်မည်

ရုရှား-လာအို နှစ်နိုင်ငံအကြား ကုန်စည်သယ်ယူပို့ဆောင်မှုပမာဏတိုးလာနေသဖြင့် လာအိုမှ ဗလာဒီဗော့စတော့မြို့သို့ ဗီယက်နမ်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေ ကြောင်းကွန်တိန်နာသယ်ယူပို့ဆောင်မှုကို တိုးချဲ့နေကြောင်း၊ ယင်းအပြင် မိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံကိုဖြတ်သန်း၍ ရထားလမ်းချိတ်ဆက်မှုများကို တည်ဆောက်ရန်စီစဉ်နေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က လာအိုသမ္မတ Mr. Thongloun Sisoulith နှင့်တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့ပြောကြားခဲ့သည်။

ရုရှားနှင့်လာအိုအကြားကုန်သွယ်မှုပမာဏသည်လျင်မြန်စွာတိုးတက်လာနေကြောင်း၊ ပြီးခဲ့သည့်နှစ်တွင် ကုန်သွယ်မှုပမာဏသည် ၆၅ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ယခုနှစ်တွင်လည်း တိုးတက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ရုရှားသမ္မတက ပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံကြားစွမ်းအင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေးအတွက် အလားအလာကောင်းများလည်း ရှိကြောင်း ၊ ညှိနှိုင်းဆွေးနွေးမှုများအတွင်း ငြိမ်းချမ်းစွာနျူကလီးယားစွမ်းအင်အသုံးပြုရေး သဘောတူညီချက်များသည် လာအိုစီးပွားရေးအတွက် ဈေးနှုန်းချိုသာပြီး ဂေဟစနစ်နှင့်ကိုက်ညီသော စွမ်းအင်များပေးဝေရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးကြောင်း၊ လာအိုမိတ်ဖက်များသည် နျူကလီးယားနည်းပညာကို စွမ်းအင်မဟုတ်သော နယ်ပယ်များဖြစ်သည့် ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍများတွင်လည်း အသုံးချနိုင်မည့်အလားအလာများကို စိတ်ဝင်စားကြကြောင်း ရုရှားသမ္မတက ဖြည့်စွက်ပြောကြားခဲ့သည်။

ယင်းအပြင် ရုရှားနှင့်လာအိုကုမ္ပဏီများကြားချောမွေ့သောငွေပေးချေမှုများအတွက် ဒစ်ဂျစ်တယ်နည်းလမ်းအသစ်များကို အကောင်အထည်ဖော်ရန်ဆွေးနွေးနေပြီး နှစ်နိုင်ငံကြားကုန်သွယ်မှုနှင့် စီးပွားရေးဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ရုရှား VTB Bank ၏ CEO က ပြောကြားခဲ့သည်။

ရုရှားမှ လာအိုသို့အဓိကတင်ပို့သောကုန်စည်များမှာ မော်တော်ကား၊လျှပ်စစ်ပစ္စည်းနှင့်အလှကုန်များဖြစ်ပြီး လာအိုမှ အဓိက တင်သွင်းသောကုန်စည်များမှာ ဖုန်း၊ အဝတ်အထည်များဖြစ်ကြောင်းသိရသည်။

**Source : https://tass.ru/ekonomika/24679573**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/

## STOCK EXCHANGE (7.8.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Aug. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,858 (Shares) | 49,901,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 298 | 2,115,800 | 33,109,694 | 235,079 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,627 | 5,369,100 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,700 | 7,700 | 7,700 | 22 | 169,400 | 10,400,986 | 80,088 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 158 | 308,100 | 29,664,613 | 57,846 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 810 | 2,106,000 | 12,823,224 | 33,340 |
| EFR | 00006 | 1,650 | +50 | +3.13% | 1,600 | 1,650 | 1,600 | 1,552 | 2,558,200 | 19,977,223 | 32,962 |
| AMATA | 00007 | 3,500 | -50 | -1.41% | 3,350 | 3,500 | 3,300 | 831 | 2,825,250 | 10,497,598 | 36,742 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 160 | 520,000 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 6th Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 361.52 | -0.30 | -0.08% | 360.70 | 361.52 | 360.43 | 5,458 | 15,971,850 | 8 | 681,889 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 01:00 pm, 7th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,886 (Shares) | 28,080,100 (MMK) |

## Main Board

As of 12:30 pm, 7th Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,836 (Shares) | 27,930,100 (MMK) |

| MYANPIX | 364.56 ▲ 3.04 |
|---|---|
| Total Volume (shares) | 6,666 |
| Total Value (MMK) | 27 mil |
| Listed Company | 8 |
| Market Cap. (MMK) | 687,632 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |